**လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်စာမေးပွဲ**
**အောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ရန်ဖိတ်ကြားခြင်း**

၁။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ (၁၂) ကြိမ်မြောက် လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် စာမေးပွဲအောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်) တွင် ၂၈-၁၂-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၀၉း၀၀ နာရီ၌ ကျင်းပပါမည်။

၂။ အဆိုပါအခမ်းအနားတွင် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ၌ကျင်းပခဲ့သော လက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း) အမှတ်စဉ် (၃၈) စာမေးပွဲနှင့် ၂၀၁၄ ခုနှစ်၊ မေလ၌ကျင်းပခဲ့သော ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲ အောင်မြင်သူများကို အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်ပါသည်။

၃။ အထက်အပိုဒ် (၂) ပါ စာမေးပွဲအသီးသီးနှင့် ၂၀၁၄ ခုနှစ်၊ မတ်လ၌ ကျင်းပခဲ့သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း) အမှတ်စဉ် (၃၉) စာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယအဆင့်ဖြင့် အောင်မြင်သူများနှင့် ဘာသာရပ်အလိုက် အမှတ်အများဆုံး ရရှိသူများကိုလည်း ငွေသားဆုများ ချီးမြှင့်မည်ဖြစ်ပါ၍ အောင်လက်မှတ်နှင့် ဆုလက်ခံရယူမည့် သင်တန်းသား/ သင်တန်းသူအားလုံးကို အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားပါသည်။

၄။ အောင်လက်မှတ်တက်ရောက်ယူမည့်သူများသည် အောင်လက်မှတ်ကြေးကျပ် ၅,၀၀၀ နှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၁ ပုံ၊ ဆုလက်ခံရယူမည့်သူများသည် တက်ရောက်ခွင့်လျှောက်လွှာကို အပိုဒ် (၁) ပါလိပ်စာတွင် ၁-၁၂-၂၀၁၄ နေ့မှ ၁၉-၁၂-၂၀၁၄ နေ့အတွင်း ပေးသွင်း/ လျှောက်ထားရမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံစာရင်းကောင်စီ**